
သူဝေး
ပုလင်းထဲက ပင်လယ်

# နိဒါန်း

ရွှေဝါရောင် ပင်လယ်ကြားထဲတွင် မုယောအမြှုပ်လုံးလေးများ ရေတွက်မရအောင် ပေါ့ပါးမြောက်တတ်နေသည် ။ ငါးကြင်းအကြေးခွံလို ဖန်ခွက်နံရံတစ်လျှောက် ရေခဲငွေ့တွေ အေးခဲဖြူဖွေးနေသည် ။

ထိုအေးစိမ့်နေသော ဘီယာအမြှုပ်များကို စုပ်လိုက်ရရင်ဖြင့် နွေညချမ်းချိန်ခါတစ်ခုသည် စည်းစိမ်ကျသွားပေလိမ့်မည်။ သို့သော် ထိုစည်းစိမ်ကို ငြင်းချင်သူတစ်ယောက်သည် လူသူမမြင်ခင်အလစ်တွင် ဘီယာတစ်ခွက်ကို အဝေးသို့ ပက်သွန်လိုက်သည် ။ ထိုအပြုအမူကို ပြုလုပ်လိုက်သူက ဆိုင်ထောင့်၏ မှောင်ရိပ်စားပွဲဝိုင်းတစ်ခုမှာ ထိုင်နေသည့် လူငယ်တစ်ယောက်ပင်။

စင်ပေါ်တွင် ပြည်တွင်းဖြစ်မဟုတ်သော Disco သီချင်းတစ်ပုဒ်ဖြင့် မိန်းမငယ်များ အတွန့်ချိုး၍ ကနေကြသည် ။ တိုနန့်သော အောက်ပိုင်းအဝတ်စား၊ လျော့ရဲသော အပေါ်ပိုင်းအဝတ်အစားနှင့် တင်ဆက်နေသည် ။ စင်ရှေ့တည့်တည့်တွင် ရှိသော ဝိုင်းများမှ လူကြီးများ သည် (ထိပ်ပြောင် ၊ ဗိုက်ရွှဲ၊ အရေတွန့်၊ နှုတ်ခမ်းမည်း၊ နှာခေါင်းပြောင် ထိုသို့ အင်္ဂါရပ်များဖြင့် ဖွဲ့စည်းထားသောလူကြီးအများ စု) လက်ခုပ်တဖြောင်းဖြောင်းတီးကာ စင်ပေါ်မှ မိန်းကလေးများကို စူးရဲပြောင်မြောက်စွာ ကြည့်နေကြသည် ။ ဝိတ်တာလေးများကိုခေါ်၍ သူတို့ နှစ်သက်သည့် ကောင်မလေးများကိုလည်း ပန်းကုံးစွပ်ခိုင်း၊ ပန်းစည်းပေးခိုင်း၊ ခေါင်းပေါ်သရဖူတင်ခိုင်း

စသည် ဖြင့်လုပ်ဆောင်ကြသည် ။ ရံဖန်ရံခါ ကိုယ်တိုင်ကိုယ်ကျပင် စင်ပေါ်တက် ကောင်မလေးတွေကို ဆုငွေချသေးသည် ။ လက်ဆွဲ၊ ပါးညှစ်၊ ဖလိုင်းကစ်များကိုလည်း လုပ်ကြသေးသည် ။ အနည်းဆုံး အသက်ငါးဆယ်လောက်ရှိမည့် လူကြီးတွေပါ။

ထိုလူကြီးတွေကို ကြည့်၍ ဆိုင်ထောင့်မှ လူငယ်က ခပ်ဟဟ ခေါင်းခါနေမိသည် ။ သူ ထိုအသက်အရွယ်ရောက်လျှင်တော့ ဒါတွေလုပ်လိမ့်မည် မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်သည် ။ တကယ်တော့ သူ မလုပ်ချင်တာ အများကြီးပါ။ ဘွန်းဖိုင်းပင် မစိုက်ချင်၊ လိင်တူ မဆက်ဆံချင်၊ ဘုရားရုပ်တု ခိုးမရောင်းချင် အစရှိသဖြင့် အများကြီးပါ။

သူ့အနီးရှိ စားပွဲထိုးကို နှုတ်ခမ်းစုပ်သံပြု၍ လှမ်းခေါ်လိုက်သည် ။

“ဘာလိုလဲ အစ်ကို One Cup လား”

“ မဟုတ်ဘူး ။ အခု စင်ပေါ်မှာ ကနေတဲ့ အဖွဲ့က ညာဘက်ထောင့်က ကောင်မလေးနာမည် ဘယ်သူလဲ”

“သက်ဝေတဲ့ အစ်ကို”

“အေး… သူ့ကို ငါ့အနား လာထိုင်လို့ ရအောင် ဘယ်လိုလုပ်ရမလဲ”

“အစ်ကို ပန်းကုံးစွပ်လိုက်ရင် ကျွန်တော် အစ်ကို့နားခေါ်ထိုင်လို့ ရအောင် ပြောပေးနိုင်ပါတယ်”

“ပန်းကုံး ဘယ်နှကုံးစွပ်ရမလဲ”

“အယ်…ခုနက ဟိုးရှေ့ဆုံးက လူကြီးဝိုင်းထဲကတစ်ယောက်က သူ့ကို ပန်းကုံးသုံးကုံး စွပ်လိုက်တာ မြင်တယ်အစ်ကို။ အဲဒါကြောင့် အစ်ကို ပန်းကုံးသူ့ထက်သာအောင်စွပ်နိုင်မှ အဆင်ပြေတော့မှာ ”

"အဲ့ဒါဆို ပန်းကုံးငါးကုံး သွားစွပ်လိုက်"

"ဗျာ…"

"ရော့…ပိုက်ဆံ"

လူငယ်က ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူ တော်တော်များများကို စားပွဲထိုးကို ထုတ်ပေးလိုက်သည် ။ 'ပိုတာ ဘောက်ဆူး' ဟု ပြောလိုက်တော့ ဝိတ်တာလုပ်သူက အလွန်တက်ကြွသွားကာ စင်ပေါ်မှ သက်ဝေဆိုသော မိန်းကလေးထံ ပန်းကုံးတွေ အထွေးလိုက် သွားစွပ်ပေးတော့သည် ။

သီးချင်းပြီးတော့ သက်ဝေဆိုသည့် မိန်းကလေးသည် ပေါင်အလယ်မျှရှိသော စကတ်အတိုလေးနှင့်အတူ ဒေါက်ဖိနပ်ပန်းရောင်ကို ဆင်မြန်းထားသော ခြေထောက်ကလေးဖြင့် စင်ပေါ်မှ ဆင်းလာသည် ။ စင်ရှေ့မှ ဗိုက်ရွဲကြီးတစ်ယောက်ထိုင်ရာမှ ထ၍ သူ့ဆီလာမည်အမှတ်နှင့် ပါးစပ်ဟပြုပြုလုပ်ကာ ကြိုဆိုနေသည် ။ သို့သော် မိန်းကလေးသည် ထိုဝိုင်းကို ကျော်၍ ဆိုင်ထောင့်မှ လူငယ်၏ စားပွဲဝိုင်းသို့ တည့်မတ်စွာ လျှောက်သွားပါသည် ။

လူငယ့်ဝိုင်းရောက်တော့ ခေါင်းငုံ့၍ ရိုကျိုးစွာ ထိုင်သည် ။ အဝေးမှ ဗိုက်ရွဲကြီးက ရှက်ဒေါသနှင့် လှမ်းကြည့်နေသည် ။ လှမ်းလက်ပြကာပြုံးလိုက်သည် ။ နောက်လိုက်တာပါ။

ကောင်မလေးက လူငယ့်အနား ပိုနီးကပ်ထိုင်တော့ လူငယ်က ပြန်ခွာကာ ထိုင်လိုက်သည် ။

"မလိုဘူး…ညီမလေး။ ကိုယ့်အနား အရမ်း နီးနီးထိုင်ဖို့ မလိုဘူး။ ကိုယ်နဲ့ အပြင်လျှောက်လည်ပေးဖို့ လည်း မလိုဘူး။ ကိုယ့်ဆီညတုတုအသံ

နဲ့ ဖုန်းဆက်ပေးဖို့ လည်း မလိုဘူး။ ညီမရဲ့ အရှိအတိုင်းနေပေးတာပဲ လိုချင်တယ်”

“ရှင်...”

“ဒါပေမဲ့ ညီမလေးလိုအပ်ရင်တော့ ကိုယ်ကို ခေါ်လိုက်။ ဖုန်းနံပါတ် ဒီမှာ ယူထားလိုက်။ အင်း... ညီမလေးလိုတဲ့ အချိန် ကိုယ်လာခဲ့မယ်။ ပြီးတော့ နေ့စဉ် ပန်းကုံးသုံးကုံးစွပ်ဖို့ ဝိတ်တာကို ကိုယ် တစ်ပတ်စာ ငွေရှင်းခဲ့မယ်။ ကိုယ်ကိုယ်တိုင် လာနိုင်တဲ့ အခါကျ ကိုယ်ကိုယ်တိုင်လည်း ပန်းကုံးတက်စွပ်ပေးပါ့မယ်။ ဟုတ်ပြီလား”

“ရှင်...”

မိန်းကလေး လူငယ့်အပြောအဆိုနှင့် လုပ်ရပ်တွေပေါ် အံ့ဩ၍ သာ နေသည် ။

“အံ့ဩမနေနဲ့ ...ကိုယ့်ကို နောက်တစ်ခါလာရင် ဧည့်သည် တစ်ယောက်လိုလည်း မဆက်ဆံနဲ့၊ ကြားလား”

“ဟုတ်...ဟုတ်...”

“အင်း...လိမ္မာတယ်။ ညီမလေးနာမည်က သက်ဝေနော်”

“ဟုတ်ကဲ့”

“အင်း...ကိုယ့်နာမည်တော့ နောက်မှ ပြောပြမယ်။ ဘဝကို တန်ဖိုးထားနော် ညီမလေး။ သိပ်ပုံမလာတဲ့ ကောင်တွေနားတော့ တက်နိုင်သလောက် သွားမထိုင်မိအောင်ရှောင်။ ဂရုစိုက်နော်...ကြားလား။ ကဲ...ကိုယ်သွားမယ် သက်ဝေ”

လူငယ် ပြုံးပြ၍ တကယ် ထထွက်သွားသည် ။

ပြောချင်ရာပြောပြီး ထွက်သွားသော လူငယ်ကို သက်ဝေဆိုသော မိန်းကလေး ငေးကြည့်ရင်းသာ ကျန်ခဲ့သည် ။ နားမလည်စရာကောင်းသော လူတစ်ယောက်ပါလား။

* * *